ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဂုဏ်ပြုသတင်းလွှာ
၂၀၂၀ပြည့်နှစ်၊ ဇွန်လ

# World Environment Day 2020



**“BIODIVERSITY”**

**"တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့
ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီ ထိန်းသိမ်းကြစို့"**



ဇွန်လ(၅)ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝှမ်းတွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သော်လည်း ယခု ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Covid–19 လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါ၍ Global Digital Campaign တွင်ပါဝင်သည့်အနေဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ရုပ်သံအစီအစဉ်တစ်ခု ဖန်တီးပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား နှင့် Skynet ရုပ်သံလိုင်းတို့တွင် ထုတ်လွှင့်ပြသခြင်းနှင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် အသိပညာပေးပြသခြင်း၊ နိုင်ငံတော်သမ္မတကြီး ပြောကြားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာအား နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းဖော်ပြခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

## “နိုင်ငံတော်သမ္မတကြီးပြောကြားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာမှကောက်နုတ်ချက်”

“ယခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂက **“Biodiversity”** ဟု သတ်မှတ်ထားပြီး ဆောင်ပုဒ်၏ အဓိကရည်ရွယ်ချက်မှာ “သဘာဝဂေဟစနစ်ကြီးထဲတွင် ဇီဝမျိုးစုံမျိုးကွဲများ အလွန်လျင်မြန်စွာဆုံးရှုံးနေမှုနှင့် သဘာဝယိုယွင်းပျက်စီးနေမှုများကို တိုက်ဖျက်နိုင်ရေးအတွက် အရေးယူဆောင်ရွက်ကြရန်” နှိုးဆော်ထားခြင်းဖြစ်ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝ၍ ကောင်းမွန်စွာလည်ပတ်နေသော ဂေဟစနစ်များသည် လူသားတို့ အတွက် အခြေခံလိုအပ်ချက်ဖြစ်သော သန့်စင်သောလေ၊ သန့်ရှင်းသောရေ၊ အာဟာရပြည့်ဝသော အစားအစာများ၊ သဘာဝအခြေခံဆေးဝါးများနှင့် ကုန်ကြမ်းများကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးနေပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုများကိုလည်း လျှော့ချပေးကာ လူသားတို့ရှင်သန်မှုကို ရေရှည်တည်တံ့စေပါကြောင်း၊ ယနေ့ရင်ဆိုင်နေကြရသော ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဆိုင်ရာ ဘေးဒုက္ခများကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ကို မဖြစ်မနေ ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့သည် ကမ္ဘာကြီးတွင် ကြုံတွေ့နေရသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရေးအတွက် ကမ္ဘာတစ်ဝှမ်းမှ ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရများက အရှိန်အဟုန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ပါဝင် ဆောင်ရွက်လာ

စေရန် စွမ်းအားပြည့်ဝသော ပေါင်းကူးစကြံကြီးတစ်ခုဖြစ်သည်ဟုယုံကြည်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကိုတုံ့ပြန်ဆောင်ရွက်ရာတွင် သဘာဝကိုအခြေခံသည့်ဖြေရှင်းမှု (Nature – based Solution) ကို ပြည့်ပြည့်ဝဝ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ကမ္ဘာ့နိုင်ငံများက လက်ခံထားကြကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂက ရာသီဥတုပြောင်းလဲမှုပြဿနာများကို တွန်းလှန်နိုင်ရေးနှင့် စားနပ်ရိက္ခာနှင့် သန့်ရှင်းသောရေဖူလုံမှု၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းမှုတို့ကို မြှင့်တင်နိုင်ရေးအတွက် ပျက်စီးယိုယွင်းနေသော ဂေဟစနစ် ပြန်လည်ထိန်းသိမ်းမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၂၀၂၁ မှ ၂၀၃၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထိန်းသိမ်းရေးဆယ်စုနှစ် (UN Decade on Ecosystem Restoration) အဖြစ် သတ်မှတ်ထားပါကြောင်း၊ ၂၀၃၀ ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များဆိုင်ရာ ကတိကဝတ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအနှီးများကို ထိန်းသိမ်းကာကွယ်ရာတွင် အမြော်အမြင်ရှိစွာ ဂရုပြုစီမံခန့်ခွဲရန် လိုအပ်ချက်အရ နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကိုရရှိနိုင်ရေးအတွက် ရေရှည်မဟာဗျူဟာမြောက် လမ်းညွှန်ချက်အဖြစ် အမျိုးသားပတ်ဝန်းကျင် ရေးရာမူဝါဒ၊ ရာသီဥတုပြောင်းလဲမှုများကို ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည့် နိုင်ငံအဖြစ်ဖော်ဆောင်နိုင်ရန် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) ကို ချမှတ်ထားပြီးဖြစ်သည့်အပြင် စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်ရန် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့အား ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် အစဉ်ဖြစ်ပျက်ပြောင်းလဲနေမှုများအား သတိမူပြီး လက်တွေ့ကျသည့်နည်းလမ်းများကို မျက်ခြည်မပြတ်လေ့လာ၍ ပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အဓိကရည်မှန်းချက်များအဖြစ်ထားရှိပြီး အမျိုးသားပတ်ဝန်းကျင်ရေးရာနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများနှင့်မဟာဗျူဟာများ၊ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ ရည်မှန်းချက်များကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအဖြစ် သက်ဆိုင်ရာ ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးမှုအစီအမံများတွင် ထည့်သွင်းပေါင်းစပ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဖော်ဆောင်ရာတွင် ဒေသဆိုင်ရာ၊ နိုင်ငံတကာနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရန် ယနေ့ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခါသမယတွင် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း” ပြောကြားခဲ့ပါသည်။

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီ၊ ကောင်စီဝင် ဦးတင်ထွန်း၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း ဦးဆောင်သောအဖွဲ့မှ ဇမ္ဗူသီရိမြို့နယ်၊ ဗလ သိဒ္ဓိရပ်ကွက်၊ ဝန်ထမ်းအိမ်ရာ၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိ ရပ်ကွက် (၂)နှင့် ကြည်တောင်ကန်ရွာနှင့် ဥတ္တရသီရိမြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးများသို့ နှစ်ရှည်ပင်များ သွားရောက်ဝေငှခဲ့ပြီး # For–Nature ၊ # WED 2020 ၊ # Forest Challenge ၊ # ECD Myan–mar စာသားများအား # (HashTag)တွဲ၍ သစ်ပင်စိုက်ပျိုးခြင်းမှတ်တမ်းဓါတ်ပုံများအား ပါဝင်စိုက်ပျိုးသူများ၏ လူမှုကွန်ယက်စာမျက်နှာဖြစ်သော Facebook Account များတွင်



ဖော်ပြစေခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးလက်ကမ်းစာစောင် အမျိုးအစား (၆)မျိုး၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပါ အင်္ကျီအထည် (၄၀၀) ၊ ဦးထုပ်(၁၅၀)၊ နှာခေါင်းစည်း (Mask) (၁၀၀၀၀)ခုနှင့် WCS တံဆိပ်ပါ ဦးထုပ်(၁၀၀) အား ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်း လူစည်ကားသောနေရာများတွင် ဝေငှခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Pageတွင် WED 2020 Quiz (Facebook Live) အမေးအဖြေအစီအစဉ် တိုက်ရိုက်ထုတ်လွှင့်ခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ ပတ္တမြား FM ရေဒီယို၊ City FM ရေဒီယို၊ Mandalay FM ရေဒီယိုတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆောင်းပါး ဖတ်ကြားခြင်း၊ Quiz အမေးအဖြေအစီအစဉ်ထုတ်လွှင့်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များကို အစီအစဉ်တင်ဆက်သူ (၂) ဦးမှ အပြန်အလှန် ပြောကြားသည့် ပုံစံဖြင့်ထုတ်လွှင့်ခြင်း၊ Online Virtual Panal Discussion အစီအစဉ်ကို UNDP နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ **“တို့ကမ္ဘာမြေရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့”** ခေါင်းစဉ်ဖြင့် Live ထုတ်လွှင့်ဆွေးနွေးခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အနေဖြင့် အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (Clean and Green School Award) ချီးမြှင့်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ မူလအတန်းအဆင့်နှင့် အထက်တန်းအဆင့် Clean and Green School ဆုရရှိသည့် ကျောင်းစုစုပေါင်း (၂၉) ကျောင်းအနက်မှ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရွေးချယ်ရေး ကော်မတီအဖွဲ့မှ ဆုသတ်မှတ်ချက်နှင့်ကိုက်ညီသည့် အောက်ပါကျောင်းများအား ဆုချီးမြှင့်ခဲ့ပါသည်-

**မူလတန်းအဆင့်ဆုရကျောင်းများ -**

(၁) ပထမဆု - အခြေခံပညာမူလတန်းလွန်ကျောင်း၊ ကံလှ၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊

(၂) ဒုတိယဆု - အမှတ်(၉)၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (မူလွန်)၊ ချမ်းမြေ့သာစည်၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊

(၃) တတိယဆု - အမှတ်(၄)၊ အခြေခံပညာ မူလတန်းကျောင်း၊ နမ့်လန်၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်၊

(၄) နှစ်သိမ့်ဆု - အခြေခံပညာ မူလတန်းကျောင်း၊ ညီနောင်ရေပူဝ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊



**အထက်တန်းအဆင့်ဆုရကျောင်းများ -**

(၁) ပထမဆု - အခြေခံပညာ အထက်တန်းကျောင်း၊ ပထက်၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊

(၂) ဒုတိယဆု - အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယဆု - အမှတ်(၁၆)၊ အခြေခံပညာအထက်တန်းကျောင်း၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊

(၄) နှစ်သိမ့်ဆု - အခြေခံပညာအထက်တန်းကျောင်း၊ နမ့်လန်၊ သီပေါ မြို့နယ်၊ ရှမ်းပြည်နယ်၊

## “သတ္တုကဏ္ဍအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလမ်းညွှန်ချက်များအပေါ် အသိပညာဖလှယ်ခြင်း အစီအစဉ်”



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာနခွဲ၏ သတ္တုကဏ္ဍစိစစ်သုံးသပ်ရေးအဖွဲ့ခွဲ ၁ ၊ ၂ နှင့် ၃ မှ ဝန်ထမ်းများအနေဖြင့် ADB ၏ နည်းပညာအကူအညီဖြင့် ရေးဆွဲခဲ့သည့် သတ္တုကဏ္ဍအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအပေါ် အသိပညာဖလှယ်ခြင်း အစီအစဉ်ကို နေပြည်တော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမတွင် ၁၂-၆-၂၀၂၀ ရက်နေ့မှစ၍ အပတ်စဉ်သောကြာနေ့တိုင်း၏ နံနက် ၁၀:၀၀ မှ ၁၂:၀၀ နာရီအထိ ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် တက်ရောက်လာသူများမှ ဆွေးနွေးမေးမြန်းခြင်း၊ ရှင်းလင်းတင်ပြသူနှင့် တက်ရောက်လာသည့် ဝန်ထမ်းများအနက် အတွေ့အကြုံရှိသည့် ဝန်ထမ်းများမှ ပြန်လည်ဖြေကြားခြင်းဖြင့် အသိပညာများ ဖလှယ်ခဲ့ပါသည်။

## “အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ဗဟိုကော်မတီ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း”



အမျိုးသားအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက် ၉:၀၀နာရီ တွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက ဒုတိယ သမ္မတ(၁) ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ကော်မတီ၏ (၃)နှစ်ခွဲကျော် ကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များအပေါ် အခြေခံပြီး ကောင်းမွန်သည့် ပတ်ဝန်းကျင်အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးနှင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဝိုင်းဝန်း ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ဗဟိုကော်မတီ အတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြား ရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီမှ ချမှတ်ခဲ့ပြီး ဖြစ်သော ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်မှုကော်မတီများမှ ဗဟို ကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြခြင်း၊ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယ သမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး ရှေ့ဆက်အကောင် အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဆွေးနွေးဆုံးဖြတ်ချက်ပေါင်း (၁၇)ချက်ကို အတည်ပြုဆုံးဖြတ် ချက်ချမှတ်၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်း အဝေးကို ရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များ၊ ပြည် ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီ(၆)ခုမှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကစီးပွားရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ထုတ်ပြန်ခဲ့သော မူဝါ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းစဉ်များ”

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍ အသီးသီးတွင် စနစ်တကျ ထည့်သွင်းပေါင်းစပ်နိုင်ရန်အတွက် မူဝါဒနှင့် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးသည်အရေးကြီးသည့် ကဏ္ဍဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် နိုင်ငံတော်၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ရေရှည်မူဝါဒတစ်ရပ်အနေနှင့် ပေါင်းစပ်ဆောင် ရွက်ရန် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိ စေရန်အတွက် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)၊ စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ စွန့်ပစ်ပစ္စည်းများ နှင့်ပတ်သက်၍ စီမံနိုင်ရန်အတွက် စွန့်ပစ်အမှိုက်ဆိုင်ရာ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့အား ပြည်ထောင်စု အစိုးရအဖွဲ့မှ ထုတ်ပြန်နိုင်ခဲ့ပါသည်။



## “ရေနံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်အရ Webinar ဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှု သင်တန်းကျင်းပခြင်း”



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် နော်ဝေ ပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီ (NEA)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၊ ရေနံဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာအစီအစဉ် (Oil for Development Programme-OfD) ၏ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍကို ၂၀၁၇ ခုနှစ်မှ ၂၀၂၂ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှု သင်တန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၌ ၂၄.၆.၂၀၂၀ ရက်နေ့မှ ၂၆.၆.၂၀၂၀ ရက်နေ့အထိ Webinar ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအမျိုးအစား၊ ဆောင်ရွက်ရန်တာဝန်ရှိသူများ၏အခန်းကဏ္ဍနှင့် တာဝန်၊ သက်ဆိုင်ရာ ဥပဒေမူဘောင်၊ လမ်းညွှန်ချက်နှင့် စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ နော်ဝေနိုင်ငံ၏ အတွေ့အကြုံတို့အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအခြေခံမူများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုပြုလုပ်ရာတွင် နမူနာများ ကွင်းဆင်းကောက်ယူခြင်းနှင့် ဓာတ်ခွဲခန်းသို့ပို့ဆောင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ ဓာတ်ခွဲခန်းဆိုင်ရာ Protocol နှင့် အရည်အသွေး (ISO 9001) စသည်တို့ အပါအဝင် နမူနာကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ အစီရင်ခံစာတင်ပြခြင်းနှင့် သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း၊ GISနည်းပညာအသုံးပြု၍ သတင်းအချက်အလက်များကို ဖော်ထုတ်ခြင်း၊ မြန်မာနိုင်ငံ၏ သက်ဆိုင်ရာဥပဒေမူဘောင်၊ လုပ်ငန်းတစ်စုံတစ်ရာမစတင်မီ အခြေပြအချက်အလက်(baseline) အတွက် လေ့လာမှုဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူ၏ ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်အပေါ် စိစစ်သုံးသပ်ခြင်းတို့အပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းများအား ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအတွက် လိုအပ်ချက်များ၊ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှု (Environmental Monitoring) နှင့် သတင်းအချက်အလက်များ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ လေ့လာသင်ယူနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်း (၁၅) ဦး တက်ရောက်ခဲ့ကြပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး *ကာတွန်းပန်းချီ*



ပညာရေးဝန်ကြီးဌာနနှင့် Spectrum-SDKN တို့ ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တွင်ဆောင်ရွက်သည့် ICEEP Project (Improving Children’s Environmental Education Practice Project) မှ ထုတ်ဝေသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံး (ပန်းချီကာတွန်း ပြိုင်ပွဲဆုရ သရုပ်ဖော်ပုံများနှင့် စာမူများ) မှ ကောက်နုတ်တင်ပြသည်။



## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် (ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း”





ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၁၈) ရက်၊ နံနက် (၀၉:၀၀)နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ COVID-19 လမ်းညွှန်ချက်များနှင့်အညီ Video Conferencing စနစ်ဖြင့်ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်အမှာစကားပြောကြားရာတွင် ယခုလို COVID-19 ကာလတွင် နိုင်ငံတော်အဆင့်အကြီးအကဲများဦးစီး၍ Corona Virus ကာကွယ်ရန်အတွက် နိုင်ငံတော်အနှံ့ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိချိန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့်လည်း နိုင်ငံတော်အစိုးရက ချမှတ်ထားသော ဘဏ္ဍာနှစ်အတွင်းတွင် ဆောင်ရွက်မည့်လုပ်ငန်းများကို အရှိန်အဟုန်မပျက် အတတ်နိုင်ဆုံးပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ နိုင်ငံတော်မှလမ်းညွှန်ထားသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အစီအမံများ၊ မဟာဗျူဟာများ၊ ရေရှည်မူဝါဒများချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာတွင် ပတ်ဝန်းကျင်ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်(Environmental Governance) ခိုင်မာ အားကောင်းရန်လိုကြောင်း၊ နိုင်ငံတော်အဆင့်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒနှင့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုလမ်းညွှန်မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် မိမိတို့ဦးစီးဌာနကိုယ်တိုင် လုပ်ဆောင်ရသောလုပ်ငန်းစဉ်များ ရှိသကဲ့သို့ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များလည်း ရှိသောကြောင့် ခိုင်မာသည့် အဖွဲ့အစည်းဖြစ်ဖို့ကြိုးပမ်းကြရန်လိုကြောင်း၊ သို့ပါ၍ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ရုံး (၁၅)ရုံး၊ ခရိုင်ရုံး (၃၁)ရုံးနှင့် မြို့နယ်ရုံး(၁)ရုံးတို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်စပ်ကဏ္ဍအသီးသီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများကို ပေါင်းစပ်မှုတိုးမြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် သင်တန်းကျောင်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယသမ္မတ (၁) ဦးစီးသည့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဆေးအတည်ပြုနိုင်ရေး ဆောင်ရွက်ရန်၊ ငွေလုံး၊ ငွေရင်းနှင့် သာမန်အသုံးစရိတ်များကို သုံးစွဲရာတွင် နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ထားသော ကာလအတွင်း ပြီးစီးအောင်စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူလူထုအကြား ပတ်ဝန်းကျင်ဆိုင်ရာအသိအမြင် ပိုမိုအားကောင်းလာစေရန် အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ဟောပြောပေးရန် လိုအပ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် အဓိက ဦးစားပေးလုပ်ဆောင်ရမည်မှာ Monitoring ၊ Compliance နှင့် Law Enforcement အပိုင်းများဖြစ်တဲ့အတွက် ဥပဒေကို ခိုင်မာအောင်ဆောင်ရွက်ရန်နှင့် ဥပဒေကြောင်းအရ တာဝန်များကို အသိပညာပေးရမှာဖြစ်ကြောင်း၊ ဌာန၏ရည်မှန်းချက်များ၊ တာဝန်များကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများမှဆွေးနွေးတင်ပြခြင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သုံးသပ်ဆွေးနွေးတင်ပြခြင်း၊ ရှေ့လုပ်ငန်းစဉ် (၁၇)ချက်ကို ချမှတ်နိုင်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ဇွန်လ (၁၉) ရက်နေ့ ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ပါသည်။

## "ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ်လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း"



နေ့စဉ်လူနေမှုဘဝတွင် အေးချမ်းသာယာစွာ နေထိုင်နိုင်ရန် အအေးပေးနည်းပညာ၏ အရေးပါပုံကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်နှင့် ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် အပူစုပ်စက် ကဏ္ဍကိုမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အအေးပေး ပစ္စည်းများကြောင့် အိုဇုန်းလွှာထိခိုက်မှုမဖြစ်စေဘဲ စနစ်တကျ အသုံးပြုနိုင်ကြရန် အပူပြောင်းလဲခြင်းဆိုင်ရာ သာမိုဒိုင်းနမစ် နိယာမကိုဖော်ထုတ်ခဲ့သည့် ဗြိတိသျှသင်္ချာရူပဗေဒပညာရှင် အင်ဂျင်နီယာ Sir William Thomson, 1st Baron Kelvin (၂၆.၆.၁၈၂၄ – ၁၇.၁၂.၁၉၀၇)ကို ဂုဏ်ပြုသည့်အနေဖြင့် ၎င်း မွေးဖွားခဲ့သည့် ဇွန်လ(၂၆)ရက်နေ့ကို နှစ်စဉ် ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှစတင်၍ ကမ္ဘာ့ နိုင်ငံများတွင် အထိမ်းအမှတ်အခမ်းအနားများနှင့် အသိပညာပေး အစီအစဉ်များကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ကမ္ဘာ့ အအေးပေးပစ္စည်းများနေ့ကို ကမ္ဘာ့နိုင်ငံများနည်းတူ အောင်မြင် စွာကျင်းပနိုင်ခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် အထိမ်းအမှတ် အခမ်းအနားကို "Refrigerant for Life" ဆောင်ပုဒ်ဖြင့် စည်ကား သိုက်မြိုက်စွာကျင်းပခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင်မူ Covid–19 pandemic ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် Digital Campaign အသုံးပြုကာ "Cold Chain 4 Life" နေ့စဉ်ဘဝမြင့်မားဖို့ အအေးပေးပစ္စည်းများကို အကျိုးရှိစွာ သုံးကြစို့"ဟူသည့် ဆောင်ပုဒ်ဖြင့်ကျင်းပနိုင်ခဲ့ပါသည်။ ပြည်သူ များကို အသိပညာပေးနိုင်ရန် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ နှင့် ပတ်သက်သည့် အကြောင်းအရာများကို FM Radio များမှထုတ်လွှင့်ခြင်း၊ ရုပ်မြင်သံကြားမှ အသိပညာပေး Video ထုတ်လွှင့်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Page တွင် (၂၅–၆–၂၀၂၀ မှ ၂၆–၆–၂၀၂၀) အထိ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့နှင့် သက်ဆိုင်သော အသိပညာ ပေးမေးခွန်းများကို မေးမြန်းပြီး အဖြေမှန်သူများကို ဆုချီးမြှင့်ခြင်း၊ အိုဇုန်းလွှာ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အအေးပေးဒြပ်ပစ္စည်းများနှင့် ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာနှင့် Mask များကို ရေခဲသေတ္တာ၊ လေအေးပေးစက်ဆိုင်များနှင့် ပြည်သူလူထုထံဖြန့်ဝေခြင်း၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်ဆိုင်ရာ နည်းပညာရှင်များ အသင်းများ၏ အကူအညီဖြင့် ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့များ၌ အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာနှင့် mask များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။





## "ဗိုင်းရပ်စ်များနှင့်ဇီဝမျိုးစုံမျိုးကွဲများ"

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် လူဦးရေ (၁၆) သန်းကျော်အထိ ကူးစက်လျက်ရှိသော ပြင်းထန်အဆုတ် ရောင်ရောဂါ ကိုရိုနာဗိုင်းရပ်စ်(SARS CoV -2)(COVID-19) ဖြစ်ပွားရခြင်း၏ အဓိကအရင်းအမြစ်သည် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ပြန့်နှံ့ခြင်းဖြစ်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ အစီရင်ခံစာတွင် ဖော်ပြပါရှိပြီးဖြစ်ပါတယ်။ တရားမဝင်တောရိုင်း တိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်း ဈေးကွက်များ၌ တိရစ္ဆာန်တစ်ကောင်မှ တစ်ဆင့် အခြားတစ်ကောင် သို့ကူးစက်ပြီး ၎င်းမှတစ်ဆင့် လူသားတွေကိုဆက်လက်ကူးစက်မှု ဖြစ်ပွားခဲ့တယ်လို့ သိရှိရပါတယ်။ တရားမဝင်တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်းသည် ကမ္ဘာပေါ်ရှိဇီဝမျိုးစုံမျိုးကွဲများ မျိုးသုန်းခြင်း၊ လျော့နည်းပျောက်ကွယ်ရခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် ကပ်ရောဂါဖြစ်ပွားမှုကြောင့် လူအမြောက်အများ သေဆုံးခြင်းနှင့် တစ်ကမ္ဘာလုံး စီးပွားပျက်တဲ့အထိ ကြီးမားတယ်ဆိုတာဟာ ထင်ရှားတဲ့ မျက်မြင်သက်သေတစ်ခုဖြစ်လာပါပြီ။

ဒီဘက်ဆယ်စုနှစ်ကာလတွေမှာ ကူးစက်ရောဂါဖြစ်ပွားမှုများလာစေတဲ့ အကြောင်းရင်းတွေက လူဦးရေများပြားလာခြင်း၊ တစ်ကမ္ဘာလုံး၏ ကုန်သွယ်ရေးနဲ့ ခရီးသွားလာမှု ကြီးမားလာခြင်း၊ ခေတ်သစ်စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်နှင့် နောက်ထပ်အကြောင်းရင်းတစ်ခုကတော့ သယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲမှုနှင့် ဂေဟစနစ်ပျက်ယွင်းမှုတို့ပဲဖြစ်ပါတယ်။ ဂေဟစနစ်ပျက်ယွင်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများ၏ မူရင်းနေရပ်များ ပျောက်ဆုံးလာပြီး အရင်တုန်းက ဂေဟစနစ်တွေထဲမှာ အနှောင့်အယှက်မပေးဘဲရှိနေတဲ့ ရောဂါပိုးမွှားတွေဟာ တည်ရာမှီရာအသစ်ဖြစ်တဲ့လူသတ္တဝါတွေဆီကို ရောက်လာပါတယ်။ လူကလှုပ်ခါဖျက်ဆီးလိုက်တဲ့ ဇီဝသစ်ပင်ပေါ်က ဗိုင်းရပ်စ်တွေဟာ လူတွေဆီကိုပဲ ရောက်လာတယ်။ နေ့စဉ်နဲ့အမျှ တောရိုင်းသတ္တဝါတွေရဲ့ခိုလှုံရာတွေ ပျက်စီးနေကြပါတယ်။ ထင်ရှားတဲ့သာဓကတစ်ခုမှာ သစ်တောမရှိတဲ့အခါ တောထဲကလင်းနို့ဟာ အိမ်နောက်ဖေးကသစ်ပင်ဆီ ရောက်လာပါတော့တယ်။ အနောက်အာဖရိကမှကလေးတစ်ယောက်ဟာ လင်းနို့လာခိုတဲ့




သစ်ပင်အောက်မှာဆော့ပါတယ်။ သစ်ပင်ကကြွေတဲ့ အသီးကိုသူကကောက်စားပါတယ်။ အဲဒီအသီးဟာ လင်းနို့ထိုးဆိတ်ထားတာဒါမှမဟုတ် လင်းနို့မစင်ကျထားတာ ရှိနေပါလိမ့်မယ်။ အဲဒီလိုနည်းနဲ့ လင်းနို့မှာရှိတဲ့ အဏုဇီဝရုပ် (Micros) ဟာ လူ့ခန္ဓာထဲကို ရောက်ရှိပါတယ်။ အဲ့ဒီ(၂)နှစ်သား ကလေးငယ်ဟာ တိရစ္ဆာန်ကနေ လူဆီကို အီဘိုလာလွင့်စင်ရောက်ရှိမှု (Spillover) ဖြစ်စဉ်ရဲ့စမှတ်ပါ။ နောက်ထပ် သာဓကတစ်ခုကတော့ ၁၉၉၇ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံမှာ မိုးသစ်တောတွေကို မီးရှို့ရှင်းလင်းခဲ့ရာက မီးခိုးမြူငွေ့ညစ်ညမ်းမှုကိုဖြစ်ပေါ်စေခဲ့ပြီး သစ်ပင်တွေဟာ မိုးခေါင်တာနဲ့ပါရောပြီး အသီးမသီးတော့ပါဘူး။ အဲဒီသစ်ပင်တွေမှာနေတဲ့ လင်းနို့တွေဟာ အပြင်ကိုအစာရှာထွက်ဖို့ကလွဲလို့ တခြားရွေးစရာမရှိ ဖြစ်ခဲ့တာပါ။ လင်းနို့ဟာ သူနဲ့အတူ ဗိုင်းရပ်စ်ကို သယ်ဆောင်သွားပါတယ်။ သစ်သီးပင်တန်းမှာ လင်းနို့တွေ ရောက်လာပြီး အခြေချလို့ မကြာခင်မှာပဲ အနီးအနားက ဝက်တွေ ဖျားနာကြပါတယ်။ ဝက်ကနေလူကိုကူးလို့ ၁၉၉၆ ခုနှစ် ရောက်တဲ့အခါ ပြင်းထန်ဦးနှောက်ရောင်ရောဂါ နီပါ (Nipah) ဗိုင်းရပ်စ်စတင်ကူးစက်ခဲ့ပါတယ်။ အခုထိလည်း အရှေ့တောင်အာရှတစ်ခွင်မှာ ပြန်ဖြစ်နေတာတွေရှိပါတယ်။ အလားတူပဲ ၂၀၀၂ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ပြင်းထန်စူးရှသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ SARS-CoV ဗိုင်းရပ်စ်ဟာလည်း လင်းနို့မှတစ်ဆင့် အပူပိုင်းသစ်တောများတွင် အများဆုံးကျက်စားသည့် Civet (ကြောင်ကတိုး) သို့ကူးစက်ခဲ့ပြီး ဈေးကွက်များ၌ ၎င်း၏ အသားကို ရောင်းချခြင်းဖြင့် ရောဂါကူးစက်ခံရတာဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်း အသက်ရှူ

လမ်းကြောင်းဆိုင်ရာရောဂါ MERS ဗိုင်းရပ်စ်ဟာဆိုရင်လည်း ၂၀၁၂ ခုနှစ်၌ ဆော်ဒီအာရေဗျနိုင်ငံနှင့် ၂၀၁၅ခုနှစ်၌ တောင်ကိုရီးယားနိုင်ငံတို့တွင် ဖြစ်ပွားခဲ့ပြီး လင်းနို့များမှတစ်ဆင့် ကုလားအုတ်သို့ ကူးစက်၍ ယင်းမှတစ်ဆင့် လူသားများသို့ ကူးစက်ခဲ့ခြင်းဖြစ်ပါတယ်။

အလားတူပဲ ၁၉၉၆ ခုနှစ်တုန်းက အမေရိကန် ပြည်ထောင်စုမှာ ဝက်စ်နိုင်းဗိုင်းရပ်စ် (West Nile) ဆိုတဲ့ ရောဂါတစ်မျိုး ပေါ်ပေါက်လာပါတယ်။ အကြောင်းအရင်းကတော့ အာဖရိကဒေသပြောင်းငှက်တွေမှာ ဝက်စ်နိုင်းဗိုင်းရပ်စ် ရှိကြပါတယ်။ သူတို့ရဲ့ကမ္ဘာ့တောင်နဲ့မြောက် နှစ်စဉ်ရွှေ့ပြောင်း ပျံသန်းမှုခရီးစဉ်အတွင်း မြောက်အမေရိကတိုက်မှာ ရပ်နားလေ့ရှိပါတယ်။ ဒီအလေ့အထက ရာစုနှစ်တွေနဲ့ချီပြီး ရှိနေခဲ့တာပါ။ တစ်ဖက်မှာလည်း အမေရိကန်ပြည်ထောင်စု၌ ဒေသခံ ငှက်အုပ်အတွင်းက ငှက်တွေဟာ လေထုညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှုတွေကြောင့် ဇီဝမျိုးသုန်းမှုဖြစ်ပေါ်ခဲ့ရာမှ ငှက်မျိုးစုံလင်မှုဟာ (၂၅) ရာခိုင်နှုန်းထိကျဆင်းကာ ဗိုင်းရပ်စ်ကပ်ဖို့ ခက်ခဲတဲ့ငှက်မျိုးတွေဖြစ်တဲ့ သစ်တောက်ငှက်နဲ့ မယ်ညိုငှက်တွေနည်းသွားခဲ့ပြီး ဂေဟစနစ်ယိုယွင်းပျက်စီးနေတဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်နိုင်ပြီး ဗိုင်းရပ်စ်ရောက်သွားဖို့ လွယ်တဲ့ ကျီးကန်းတွေ၊ သပိတ်လွယ် ငှက်တွေကများလာကာ သူတို့ဟာဗိုင်းရပ်စ် သယ်ဆောင်တဲ့ငှက်တွေ ဖြစ်လာတယ်။ သူတို့ကို ခြင်ကကိုက်၊ ခြင်ကလူကိုကိုက်ရာကနေ ဝက်စ်နိုင်းရောဂါဖြစ်လာပါတယ်။

ကမ္ဘာပေါ်တွင်ဗိုင်းရပ်စ်ကူးစက်ပါက အသက်သေဆုံးနိုင်ခြေရှိသော ဗိုင်းရပ်စ် (၁၂) မျိုးရှိပါတယ်။ အဲဒါတွေကတော့ မျောက်များမှ တစ်ဆင့်ကူးစက်ခဲ့သော Marburg ဗိုင်းရပ်စ်၊ Rabies (ခေါ်) ခွေးရူးပြန်ရောဂါ ၊ HIV (ခေါ်) လူ့ကိုယ်ခံအား ကျဆင်းမှု ဗိုင်းရပ်စ် ၊ Smallpox (ခေါ်) ကျောက်ရောဂါ၊ ကြွက်များမှတစ်ဆင့် ကူးစက်ခဲ့သော Hanta ဗိုင်းရပ်စ်၊ သွေးလွန်တုပ်ကွေး Dengue ရောဂါ၊ (၅)နှစ် အောက်ကလေးငယ်တွေအများဆုံး ကူးစက်ခံရတဲ့ Rota ဗိုင်းရပ်စ်၊ ရာသီတုပ်ကွေး Influenza ရောဂါ၊ လင်းနို့မှတစ်ဆင့် ကူးစက်ခံရသော ရောဂါတွေဖြစ်တဲ့ ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ SARS–CoV ဗိုင်းရပ်စ်၊ အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ MERS ဗိုင်းရပ်စ်၊ အီဘိုလာ Ebola ဗိုင်းရပ်စ် နှင့် ယခု ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်(COVID–19)တို့ပဲဖြစ်ပါတယ်။ လက်ရှိမှာကူးစက်ရောဂါ (၆၀)ရာခိုင်နှုန်းလောက်ရဲ့ ဇစ်မြစ်က တိရစ္ဆာန်တွေက စတာပဲဖြစ်ပါတယ်။



လက်ရှိအချိန်မှာ ကူးစက်ပြန့်နှံ့နေတဲ့ (COVID–19) ကပ်ဘေးက ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ အမြတ်ပဓာန စီးပွားရေးစနစ်ကို ကမ္ဘာကြီးရဲ့ဇီဝစနစ်က မထမ်းပိုးနိုင်ကြောင်း ပြသလိုက်တာပါပဲ။ ပျက်စီးလာတဲ့ တောတောင်ရေမြေ၊ ပြောင်းလဲနေတဲ့ ရာသီဥတုအောက်မှာ ဇီဝမျိုးစိတ်တွေ ကစဥ့်ကလျားဖြစ်မှု၊ ဇီဝဖောက်ပြန်မှုကနေ လူတွေရဲ့ကျန်းမာရေးအပေါ် ထိခိုက်မှုဟာ ကြောက်ခမန်းလိလိဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲဆိုတာကို ရိုးရှင်းစွာအဓိပ္ပါယ်ဖွင့် ဆိုရလျှင် ကမ္ဘာပေါ်မှာရှိတဲ့ အပင်များ၊ သတ္တဝါများ၊ သေးငယ်သော အဏုဇီဝရုပ်များ၏ သက်ရှိလက္ခဏာပုံစံအမျိုးမျိုးနှင့် ၎င်းသက်ရှိတို့ ပါဝင်နေသာ ဂေဟစနစ်များပင်ဖြစ်ပါတယ်။ ဂေဟစနစ်ဆိုတာကတော့ အပင်နှင့်တိရစ္ဆာန်အစရှိတဲ့ သက်ရှိသတ္တဝါများနှင့်ရေ၊ မြေ၊ လေ၊ အပူချိန်၊ စိုထိုင်းဆဆိုတဲ့ သက်မဲ့ရုပ်ဝတ္ထုများ အပြန်အလှန်ဆက်နွယ်ပေါင်းယှက်နေတဲ့ ဖြစ်စဉ်ပဲဖြစ်ပါတယ်။ ဂေဟစနစ်တစ်ခုအတွင်းမှာ မတူတဲ့အပင်တွေ ၊ အကောင်တွေဟာ အတူယှဉ်တွဲနေထိုင်ကြပြီး သူတို့တွေဟာ စွမ်းအင်ရလိုမှုဆိုတဲ့ လိုအပ်ချက်ကြောင့် ကွန်ယက်သဖွယ် ဆက်သွယ်နေထိုင်ကြပါတယ်။ အစားအစာရရှိမှု၊ မျိုးဆက်များမွေးဖွားမှုစတဲ့ လိုအပ်ချက်များကြောင့် အတူတကွနေထိုင် ကြခြင်းဖြစ်ပြီး အဲဒီလိုနေထိုင်ခြင်းအားဖြင့် ဂေဟစနစ်တစ်ခုဟာ ရေရှည်တည်တံ့စေနိုင်ပါတယ်။ *ဆက်လက်ဖော်ပြပါမည်–*

မွန်ပြည်နယ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ”

## ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းအားစစ်ဆေးခြင်း

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ ကွင်းသုံးဆယ်ကျေးရွာအနီးတွင်တည်ရှိသော ရွှေဝါတောင်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း (TPK- 106) အနေဖြင့် အတည်ပြုချက်ရရှိထားသည့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း(IEE)ပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် ထားရှိမှုအခြေအနေများအားမန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၁၃-၃-၂၀၂၀ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။



ရွှေဝါတောင် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (TPK-106) လုပ်ကွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းပြီးဆုံးသည့်အခါတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးနိုင်ရေး ပျိုးပင်ပြုစုပျိုးထောင်သည့် စိုက်ခင်းအား ကြည့်ရှုစစ်ဆေးပုံ

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ရွှေဝါတောင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေဖြင့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အတည်ပြုပြီး IEE ပါ လေထု၊ မြေထုနှင့် ရေထုအရည်အသွေး ထိခိုက်မှုလျော့နည်းစေရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ ဆူညံသံနှင့်တုန်ခါမှုလျှော့ချမည့် အစီအစဉ်များ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်၊ လုပ်ငန်းခွင်ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များ၊ သစ်တောသစ်ပင်များအပေါ် ထိခိုက်နိုင်မှုအခြေအနေများနှင့် ပြန်လည်ပျိုးထောင်စိုက်ပျိုးမည့်အစီအစဉ်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်မည့်အစီအစဉ်၊အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်နှင့် လူမှုပတ်ဝန်းကျင်ရေးရာထိခိုက်နိုင်မှု လျှော့ချရေးအစီအစဉ်များ စသည်တို့နှင့်ပတ်သက်၍ ကုမ္ပဏီမှ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး အတည်ပြုပြီး IEE နှင့်အညီ ကုမ္ပဏီမှ အပြည့်အဝလိုက်နာအကောင်အထည်ဖော် ဆောင်ရွက် စေရေးအတွက် လိုအပ်ချက်များအား သုံးသပ်အကြံပြုညွှန်ကြားခဲ့ပါသည်။

## ရွှေလီမြစ်ရေညစ်ညမ်းမှု (ရေအနီရောင်ပြောင်းလဲမှု) အပေါ် ကွင်းဆင်း စစ်ဆေးခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ မူဆယ်မြို့၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်၌ စီးဆင်းနေသည့် ရွှေလီမြစ်ရေညစ်ညမ်းမှု (ရေအနီရောင်ပြောင်းလဲမှု) ဖြစ်ပေါ်နေခြင်းကြောင့် ငါးများသေဆုံးခြင်း၊ တောင်သူများစိုက်ပျိုးထားသော သီးနှံများပျက်စီးဆုံးရှုံးခြင်း၊ ရေနေသတ္တဝါများသေကျေပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးခြင်းတို့ ဖြစ်ပွားမည်ကို ဒေသခံပြည်သူများမှ စိုးရိမ်နေသည့်အကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းများပျံ့နှံ့နေ၍ ရွှေလီမြစ်နှင့် ၎င်းမြစ်လက်တက်များ၏ ရေအရည်အသွေးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန်နှင့် ရွှေလီမြစ်ရေအရောင်ပြောင်းလဲမှု ဖြစ်စဉ်အရင်းအမြစ်များကို သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဒေသခံဦးစိုင်းဟန်ခမ်းခေါင်၊ နမ့်ပန်းကျေးရွာအုပ်စု၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့နှင့်အတူ ကျေးရွာသူ/သားများ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ၁၃-၆-၂၀၂၀ ရက်နေ့ နှင့် ၁၄-၆-၂၀၂၀ ရက်နေ့တို့တွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။



ရွှေလီမြစ် ရေအရောင်ပြောင်းလဲမှုနှင့် ရေအရည်အသွေးအား ကွင်းဆင်းစစ်ဆေးကြည့်ရှုပုံ

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၁၄-၆-၂၀၂၀ ရက်နေ့ နံနက် (၁၇:၀၀) နာရီအချိန်တွင် ရွှေလီမြစ် ရေအရောင် ပြောင်းလဲမှုဖြစ်ပွားခဲ့သော သဘာဝအပန်းဖြေစခန်း အနီးရှိ ရေနမူနာ (Sample-1) အားလည်းကောင်း၊ ပန်ဆိုင်း (ကြူကုတ်)မြို့ရှိ ဝမ်တိန်တံတားအောက်အနီးရှိနမ့်ယန်း ချောင်း၏ ရေနမူနာ (Sample-2) ကိုလည်းကောင်း ကောက်ယူခဲ့ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

ရွှေလီမြစ် ရေအရောင်ပြောင်းလဲမှု ဖြစ်ပွားခဲ့သောနေရာ နှင့် ရေနမူနာကောက်ယူခဲ့သော Sample(1), Sample(2)နေရာ တို့၏ အထက်ပိုင်းတို့၏ မြန်မာနိုင်ငံဘက်အခြမ်းတွင် စက်ရုံ/ အလုပ်ရုံများမတွေ့ရှိရဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက် အခြမ်းတွင်သာ စက်ရုံ/အလုပ်ရုံများတည်ရှိသဖြင့် အဆိုပါ စက်ရုံ/အလုပ်ရုံများ၏ စွန့်ပစ်ရေများကြောင့် ရွှေလီမြစ်ရေ အရောင်ပြောင်းလဲမှု ဖြစ်ပေါ်နိုင်ပါကြောင်း၊ မြစ်ရေထူးခြား စွာကျဆင်းနေခြင်း၊ မြစ်ရေစီးဆင်းမှု နှေးကွေးသွားခြင်း တို့ကြောင့် ရွှေလီမြစ်ရေသိသာထင်ရှားစွာ အရောင်ပြောင်း လဲမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု သုံးသပ်ရပါကြောင်း၊ ကွင်းဆင်းစစ်ဆေးချိန်၌ ရေနမူနာ ကောက်ယူခဲ့သော Sample(2) နေရာတွင် မြစ်ရေစီးဆင်းမှု ကောင်းမွန်လာခြင်း၊ မြစ်ရေ ပြန်လည်မြင့်တက်လာခြင်း၊ ငါးမျှားနေသော ဒေသခံ များနှင့် ၎င်းတို့ဖမ်းယူရရှိထားသော ငါးများတွေ့ရှိခြင်း စသည် တို့ကြောင့် ရွှေလီမြစ်ရေ၏ ရေအရည် အသွေးမှာ အတန်အသင့် ကောင်းမွန်လျက်ရှိပါကြောင်း၊ မူဆယ်မြို့နယ်ဌာနဆိုင်ရာများ နှင့် ဒေသခံများ၏ ပြောကြားချက်အရ မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်မှုအရ ရွှေလီမြစ် ရေအရောင်ပြောင်းလဲမှု ဖြစ်ပွားရခြင်း၏ အရင်းအမြစ်များမှာ တရုတ်နိုင်ငံ၊ နမ့်မွန်းရွာ ဧရိယာနှင့် ကျင်စန်းကျော့ဧရိယာအတွင်းရှိ စက်ရုံ/အလုပ်ရုံ များလည်ပတ်ရာမှ ထွက်ရှိလာသော စွန့်ပစ်ရေများအား သန့်စင်မှုမပြုဘဲ နမ့်တောင်းချောင်း အတွင်းသို့ တိုက်ရိုက် စွန့်ပစ်မှုကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်နိုင်ပါကြောင်း သုံးသပ် ရပါသည်။

ရွှေလီမြစ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်နိမိတ် အတိုင်း ဖြတ်သန်းစီးဆင်းနေသဖြင့် ရွှေလီမြစ် ရေအရည် အသွေး ကောင်းမွန်စေရေးအတွက် နှစ်နိုင်ငံခရိုင်/ မြို့နယ် နယ်စပ်ဒေသအာဏာပိုင်အဖွဲ့တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက် သွားရန်လိုအပ်ပြီး၊ မူဆယ်ခရိုင်/ မြို့နယ် နယ်စပ်ဒေသ အာဏာပိုင်အဖွဲ့တို့အနေဖြင့် ရွှေလီမြစ်ရေ အရည်အသွေး ကောင်းမွန်စေရေးအတွက် တရုတ်-မြန်မာ နှစ်နိုင်ငံ၊ ဒေသ ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အစည်းအဝေးများတွင် တက်ရောက် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်၌ စီးဆင်းနေသည့် ရွှေလီမြစ် ရေအရောင်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအရ ရွှေလီမြစ် ရေထုအရည်အသွေး တိုးတက်ကောင်းမွန် လာစေရေးအတွက် စောင့်ကြည့်စစ်ဆေးလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



ရွှေလီမြစ် ရေအရောင်ပြောင်းလဲမှုနှင့် ရေအရည်အသွေးအား ကွင်းဆင်းစစ်ဆေးကြည့်ရှုပုံ

## "( ၁၈ ) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်တည်တံ့သောမြို့ကြီးများ လုပ်ငန်းအဖွဲ့အစည်းအဝေး"

အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဖွဲ့ (ASEAN Senior Officials on the Environment-ASOEN) အောက်ရှိ အာဆီယံလုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးများအား အာဆီယံနိုင်ငံများတွင် နှစ်စဉ် အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိရာ (၁၈) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်တည်တံ့ သောမြို့ကြီးများ လုပ်ငန်းအဖွဲ့အစည်းအဝေး (AWGESC) အား






မလေးရှားနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံဆောင်ရွက်ခဲ့ပြီး Video Conferencing စနစ်ဖြင့် ၂၅-၆-၂၀၂၀ ရက်နေ့၊ နံနက် ၉:၀၀ နာရီမှ ၁၂:၀၀နာရီအထိ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မလေးရှားနိုင်ငံက Chairperson အဖြစ်နှင့် မြန်မာနိုင်ငံမှ Vice chairperson အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

အစည်းအဝေးတွင် AWGESC Action Plan တွင် ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ် (၂) ခုဖြစ်သော Programme 1: Sustainable Urban Planning, Development and Implementation နှင့် Programme 2: Climate Resilient and Low Carbon Cities အောက်ရှိ လုပ်ငန်းစီမံကိန်းများ၏ တိုးတက်ဆောင်ရွက်မှု အခြေအနေများ၊ ၂၀၀၈ ခုနှစ်မှစ၍ သုံးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့သော ASEAN ESC Award 2021 ဆိုင်ရာ Guidelines သတ်မှတ်ချက်များ၊ 4th Certificates of Recognition 2021 ရွေးချယ်ရာတွင် Urban Biodiversity နှင့် Green Space ဆိုင်ရာ Indicator များ ထည့်သွင်းသတ်မှတ်ရန်ကိစ္စများ၊ ASEAN-EU Smart Green Cities စီမံကိန်းအကြောင်းအရာများ၊ ASEAN-Germany/GIZ Project on Solid Waste in ASEAN Cities ကိစ္စရပ်များ၊ ASEAN-ROK Air Pollution Programme ကိစ္စရပ်များ၊ China-ASEAN Environment Outlook: Case Studies on Good Practices of Ecologically Friendly Cities အချက်များ၊ ASEAN-Germany Project on Urban Climate Resilience စီမံကိန်းအကြောင်းအရာများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြပြီး ၂၀၂၁ ခုနှစ်၌ ကျင်းပပြုလုပ်မည့် (၁၉) ကြိမ်မြောက် AWGESC လုပ်ငန်း အဖွဲ့အစည်းအဝေးကို အက္ခရာစဉ်လိုက်အရ မြန်မာနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

## “ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် သမုဒ္ဒရာအပေါ် သက်ရောက်မှု”

သမုဒ္ဒရာအတွင်းသို့ ပလတ်စတစ်ရောက်ရှိမှုသည် ၂၀၄၀ ပြည့်နှစ်တွင် (၃) ဆခန့်ရှိမည်ဟု ခန့်မှန်းထားပြီး အဆိုပါ ဖြစ်ပွားမှုကြောင့် ရေစီးကြောင်း ပိတ်ဆို့မှုကို ၈၀ ရာခိုင်နှုန်းကျော် ဖြစ်ပွားနိုင်ပါသည်။

ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှု တိုးမြင့်လာခြင်းကို ဖြေရှင်းဆောင်ရွက်ခြင်းများမရှိပါက နှစ်စဉ်သမုဒ္ဒရာအတွင်းသို့ ပလတ်စတစ်ဝင်ရောက်မှု ပမာဏသည် လာမည့်နှစ် ၂၀ အတွင်း မက်ထရစ်တန်ပေါင်း ၁၁ သန်းမှ ၂၉ သန်းအထိ တိုးပွားလာနိုင်ပြီး ကမ္ဘာတစ်ဝှမ်း ကမ်းရိုးတန်း တစ်မီတာတွင် ပလတ်စတစ် ၅၀ ကီလိုဂရမ် (၁၁၀ပေါင်) ရှိလာမည်ဖြစ်ပါသည်။ ပလတ်စတစ်များသည် သမုဒ္ဒရာအတွင်းတွင် နှစ်ပေါင်းရာချီ၍ရှိနေနိုင်ပြီး မဆွေးမြေ့နိုင်သည့် အတွက်ကြောင့် သမုဒ္ဒရာထဲတွင် ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်တိုးပွားလာမှုသည် ဝေလငါး ၃ သန်းကျော်၏ အလေးချိန်နှင့် ညီမျှသည့် တန်ချိန်ပေါင်း သန်း ၆၀၀ သို့ရောက်ရှိနိုင်ပါသည်။ သမုဒ္ဒရာအတွင်း ပလတ်စတစ်ညစ်ညမ်းမှုအား အဆုံးသတ်ရန် ဆောင်ရွက်နေစဉ်တွင် COVID-19 ဖြစ်ပွားမှုကြောင့် တစ်ခါသုံး ပလတ်စတစ်အသုံးပြုမှု တိုးမြင့်လာခြင်းသည် စိန်ခေါ်မှု အသစ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။

“ပင်လယ်သမုဒ္ဒရာများတွင် ပလတ်စတစ် ညမ်ညမ်းမှုကို ဖြေရှင်းရန် တစ်ခုတည်းသော အကောင်းဆုံးနည်းလမ်း မရှိသော်လည်း ကမ္ဘာ့နိုင်ငံများမှ မူဝါဒချမှတ်သူများဦးဆောင်ပြီး မြန်ဆန်သော စုပေါင်းကြိုးပမ်းအားထုတ်မှုဖြင့် ပလတ်စတစ် ညစ်ညမ်းမှုများကို ဖယ်ရှားရှင်းလင်းနိုင်မည်ဖြစ်ပါသည်။ ယနေ့ခေတ်တွင်ဆောင်ရွက်နိုင်သည့် နည်းပညာများကို အသုံးပြု၍ ၈၀ ရာခိုင်နှုန်းထက် ကျော်လွန်နေသည့် ပလတ်စတစ်ထုထည် ပမာဏကို လျှော့ချနိုင်မည့် ဖြေရှင်းနည်းလမ်းများအား အောက်ပါအတိုင်း သတ်မှတ်ဖော်ပြထားပါသည်-

⇒ ပလတ်စတစ် ထုတ်လုပ်မှုလျှော့ချခြင်း၊

⇒ ပလတ်စတစ်သုံးစွဲမှုများပြားလာခြင်းကိုလျှော့ချ ခြင်း၊

⇒ ပလတ်စတစ်အချို့ကို စက္ကူနှင့် Compostable ပစ္စည်းများကဲ့သို့သော အခြားနည်းလမ်းများဖြင့် အစားထိုးခြင်း၊

⇒ ထုတ်ကုန်ဒီဇိုင်းများ ရေးဆွဲခြင်း၊

⇒ ပြန်လည်အသုံးပြုနိုင်ရန်အတွက် ထုပ်ပိုးခြင်း၊

⇒ ဝင်ငွေနည်းသောနိုင်ငံများတွင် စွန့်ပစ်ပစ္စည်း စုဆောင်းမှုနှုန်းကို တိုးမြှင့်ခြင်း၊

⇒ ပြန်လည် အသုံးပြုမှု (Recycling) ကို တိုးမြှင့်ခြင်းနှင့်

⇒ ပလတ်စတစ် စွန့်ပစ်ပစ္စည်းပို့ကုန်များကို လျှော့ချခြင်း၊

မြန်မာနိုင်ငံအနေနှင့်လည်း ယခုအခါ World Bank, Asia Development Bank, National Environment Agency နှင့် Ministry Of The Environment Japan တို့နှင့်ပူးပေါင်း၍ အမျိုးသားအဆင့် Plastic Policy Road Map နှင့် Action-Plan အား စတင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

Source: www.sciencedaily.com မှ ကူးယူ၍ ဘာသာပြန်တင်ဆက်ပါသည်။